၁ ၉ ၉ ၁ ခု နှစ် တွင် တည် ထောင် သည်။

# မြို့တော်သတင်း

The CITY NEWS

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့။ | အတွဲ (၃၄)၊ အမှတ် (၁၄၆) | THUR, 17 April, 2025

**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ် (ဓမ္မပဒ-၈၆)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အင်းစိန်မြို့နယ်၊ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) (၂၄) ကြိမ်မြောက် မျက်နှာသစ်တော်ရေ ကပ်လှူပူဇော်ပွဲ အခမ်းအနား ကျင်းပ



**ရန်ကုန် ဧပြီ ၁၇**

အင်းစိန်မြို့နယ်၊ ကြို့ကုန်း အရှေ့ရပ်ကွက်၊မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၌ (၂၄) ကြိမ်မြောက် မျက်နှာသစ်တော်ရေ ကပ်လှူပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဘုရားရှိ ဂန္ဓကုဋိတိုက်တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ် ဗိုလ်မှူးကြီး သက်ပိုင်ဇော်နှင့် ဇနီး၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများ၊ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထိုသို့ ကျင်းပရာတွင် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို **(စာ ၄ သို့)**

**လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၌ (၂၄) ကြိမ်မြောက် မျက်နှာသစ်တော်ရေ ကပ်လှူပူဇော်ပွဲ ကျင်းပစဉ်။**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကြီးမှူး၍ ဇီဝိတဒါန ငါး၊ ငှက်ဘေးမဲ့လွှတ်ခြင်းနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးသည့် ဇီဝိတဒါန ငါး၊ ငှက်ဘေးမဲ့လွှတ်ခြင်းနှင့် သက်ကြီးပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းက သက်ဆိုင်ရာနေရာအသီးသီးတွင် ကျင်းပသည်။

ထိုသို့ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ၎င်းတို့၏ဇနီးများ၊ **(စာ ၅ သို့)**




**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ရောင်စုံငါးကြင်းကောင်ရေ ၁၀၀၀ ကို ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်၊ ရှင်ဥပဂုတ္တမဂ်လာကန်တော်အတွင်း လွှတ်ပေးကြစဉ်။**

မြို့တော်သတင်း The CITY NEWS
# အယ်ဒီတာ့အာဘော်

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

၁၇ - ၄ - ၂၀၂၅

## နှစ်သစ်မင်္ဂလာ ကောင်းမှုအဖြာဖြာဖြင့် တိုးတက်အောင်မြင်ပါစေ

တန်ခူးလ သင်္ကြန်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော် ဖြစ်သည်။ ရှေးအစဉ်အဆက် သမိုင်းကြောင်းရှည်လျားသည့် အစဉ်အလာကြီးမားသည့် ပွဲတော်ကြီးဖြစ်သည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုပွဲတော်ဖြစ်သည့် သင်္ကြန်ကာလ၌ အပျော်အပါးများ သကဲ့သို့ ကုသိုလ်ပွဲများလည်း စုံလင်လှသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်း၌ သတ်မှတ်ခြင်းခံခဲ့ရသဖြင့် ယခုနှစ် သင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုအစဉ်အလာတို့အပြင် တစ်မူထူးခြားစည်ကား သိုက်မြိုက်စွာ ကျင်းပရန်စီစဉ်ခဲ့သော်လည်း မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် နိုင်ငံတော်နှင့် အများပြည်သူတို့ ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏ ကြီးမားခဲ့သည်ကို စာနာထောက်ထားနားလည်သောအားဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာများနှင့် လိုက်လျောညီထွေသင့်မြတ်စွာ ဆင်နွှဲကြသည်။

မဟာသင်္ကြန်သည် နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်ပြီး လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကို ဖြတ်သန်းကြရသည်။ မြန်မာသက္ကရာဇ်အရ နှစ်သစ်တစ်နှစ်ဆီသို့ ကူးပြောင်းရောက်ရှိခဲ့ပြီးဖြစ်သည်။ နှစ်သစ်ဆန်းစ နှစ်ဆန်း တစ်ရက် အခါသမယသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ အစဉ်အလာ ရိုးရာဓလေ့အားဖြင့် ဥစ္စာစီးပွားရှာဖွေခြင်းမပြုဘဲ ကုသိုလ်ကောင်းမှုကိုသာ အထူးပြုကြသည့်နေ့ဖြစ်သည်။

နှစ်သစ်ကို ကုသိုလ်ကောင်းမှုတို့ဖြင့် မင်္ဂလာရှိစွာ စတင်ကြခြင်းဖြစ်သည်။ ကုသိုလ်ကောင်းမှုများ ထူးထူးကဲကဲ ပြုလုပ်ကြရာ သက်ကြီးပူဇော်ပွဲ၊ စုပေါင်းရဟန်းခံရှင်ပြုပွဲစသည်ဖြင့် မင်္ဂလာရှိသော ပွဲအမျိုးမျိုးကို ဆင်နွှဲခဲ့ကြသည်။ မိမိတို့ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် ဖျက်ဆီးမှုအမျိုးမျိုးကို ရင်ဆိုင်ခဲ့ကြသည်။ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး အလုပ်များစွာ လုပ်ကြရမည့်နှစ်လည်း ဖြစ်သည်။ ယင်းတို့အနက် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင် တည်ဆောက်ရမည့် ပြန်လည်ထူထောင်ရေးပင် ဖြစ်သည်။

သို့ဖြစ်ရာ ၁၃၈၇ ခုနှစ် နှစ်သစ်ဦးအချိန်ကာလ အခါသမယတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ မြင့်မားရေးတို့အတွက် ပို့ကုန်နှစ်ဆတိုးမြှင့်ရေး စိုက်ပျိုးမွေးမြူ ကုန်ထုတ်မှုကို မြှင့်တင်ကြရမည်ကို လုံ့လဝီရိယစိုက် အားထုတ်ကြိုးပမ်းကြရပါမည့်အကြောင်း နှစ်သစ်မင်္ဂလာတွင် ဆုတောင်းပတ္ထနာပြုပါကြောင်း။ ။

## (၅၀) ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန်၊ ဧပြီ ၁၇**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)က ကြီးမှူးကျင်းပသော (၅၀) ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမင်းခင်စိန်က အဖွင့်အမှာစကားပြောကြားပြီး မွန်သက်ကြီးဘိုးဘွားများအား ကန်တော့ချိုးတိုင်၍ လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် မွန်သက်ကြီးဘိုးဘွားများက ဆုတောင်းမေတ္တာပို့သကြပြီး မွန်သက်ကြီးဘိုးဘွားများအား မွန်လူငယ်ဆပ်ကော်မတီမှ မောင်မယ်များက အမွေးနံ့သာရည်ပက်ဖျန်းပေးကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါမွန်သက်ကြီးဘိုးဘွား အသက် ၇၅ နှစ်နှင့်အထက် ၁၄၂ ဦး၊ အသက် ၈၀ နှစ်နှင့်အထက် ဘိုးဘွား ၃၁၄ ဦး စုစုပေါင်း ၄၅၆ ဦးတို့အား ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**အောင်မြင့်ဌေး(မြို့တော်သတင်း)**





ဧပြီ ၁၇ ရက်၊ နံနက် ၉ နာရီတွင် လသာမြို့နယ် လျှပ်စစ်အရေးပေါ် မီးပျက်ပြုပြင်ဌာန၌ လသာမြို့နယ်လျှပ်စစ်မန်နေဂျာနှင့် ရုံးအဖွဲ့များက နိုင်ငံတော်သံဃဝန်ဆောင် သရက်တောရေလယ်ကျောင်း၊ တိုက်အုပ်ဆရာတော် ဦးသုခေဒိတနှင့် ပင့်သံဃာ ငါးပါးမှ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ရာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်စဉ်။

**မောင်မောင်စွယ်စုံထွန်း**

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ သင်္ကြန်ကာလ စတုဒိသာကျွေးမွေး

**ရန်ကုန်၊ ဧပြီ ၁၇**

၁၃၈၆ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ရက်များတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေတိဂုံစေတီတော် အပါအဝင် ဘုရား၊ ကျောင်း၊ ကန်များ၌ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ကုသိုလ်ဒါနဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားစခန်းများ၌ တရားထိုင်ခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက မဟာသင်္ကြန်ပွဲတော်ရက်များတွင် ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော်ကြသူများကို စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

ယင်းသို့ လှူဒါန်းမှုများကို ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ယာဉ်ရပ်နားကွင်းတွင် လှူဒါန်းကြရာ နေ့စဉ်ဘုရားဖူးပြည်သူ လေးထောင်ကျော်အတွက် မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ သီးစုံဒံပေါက်တို့ကို လှူဒါန်းကြကြောင်းသိရသည်။

**အောင်မြင့်ဌေး(မြို့တော်သတင်း)**

## ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ကြက်ဥများ ရောင်းချ







**ရန်ကုန်၊ ဧပြီ ၁၇**

အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်မင်းလမ်းနှင့် စောရန်ပိုင်(တောင်)ရပ်ကွက်၊ သစ်တောလမ်း (ငုဝါလမ်းထောင့်)တို့တွင် ဧပြီ ၁၄ ရက်၊ နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများက ကြက်ဥတစ်လုံးလျှင် ၃၆၅ ကျပ်နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးကြောင်း သိရသည်။ **(ပုံ)**

**(မြို့တော်သတင်း)**

**မြို့တော်သတင်း**

**ထုတ်ဝေသူ** - ဦးဇော်မင်းအောင် ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) မြ (၀၀၆၉၉)
**အမှုဆောင်အရာရှိ** - ဦးစောလှဦး ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)
**အယ်ဒီတာချုပ်** - မြတ်စိုး (လှိုင်)
**တာဝန်ခံအယ်ဒီတာ** - မောင်မောင်လွင်
**အယ်ဒီတာများ** - ထားထားဝင်းနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** - မြင့်ဦးဆွေနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဝါဝါပွင့်နှင့်အဖွဲ့
**သတင်းထောက်ချုပ်** - စောသိန်းဝင်း(မြို့တော်သတင်း)
**အကြီးတန်းသတင်းထောက်** - အောင်မြင့်ဌေး၊ မိုးဝေ
**အငယ်တန်းသတင်းထောက်** - ရဲနန္ဒာလင်းမြင့်၊ မိုးမြင့်မောင်၊ သွင်မောင်မောင်၊
**ဓာတ်ပုံသတင်းထောက်** - ရွှေဝင်း၊ စောလှိုင်ဝင်း၊ ကျော်သူထက်

**ပုံနှိပ်**- သိန်းဦးနှင့်အဖွဲ့၊ **ဖြန့်ချိရေး**- ကျော်စိုးသူနှင့်အဖွဲ့၊ **မြို့တော်ပုံနှိပ်တိုက် (မြ) ၀၀၅၈၃**

**မြို့တော်သတင်းစာတိုက်၊ ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြို့တော်သတင်းစာ တယ်လီဖုန်းအမှတ် ၀၁-၇၅၀၃၆၂၆, yangoncitynews@gmail.com**



၁၃၈၇ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက် ၊ ၂၀၂၅ခုနှစ်၊ ဧပြီ ၁၇ ရက် နံနက်ပိုင်းက ရွှေတိဂုံစေတီတော်သို့ ပြည်သူများ လာရောက်ဖူးမြော် ကောင်းမှုကုသိုလ်ပြုကြသည်ကို တွေ့မြင်ရစဉ်။

**အောင်မြင့်ငွေး(မြို့တော်သတင်း)**

# ကြက်ဥများ ဈေးနှုန်းချိုသာစွာဖြင့် ပြည်သူများအား ရောင်းချ

**ရန်ကုန် ဧပြီ ၁၇**

ဒေါပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းများက ဧပြီ ၁၄ ရက် နံနက်ပိုင်းတွင် နွယ်အေးရပ်ကွက်၊ ဗမာအေးရပ်ကွက်၊ ကြည်စုရပ်ကွက်၊ ဓမ္မရိပ်သာလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက် ၊ ဗိုလ်လရောင်လမ်းတို့တွင် ကြက်ဥတစ်လုံးလျှင် ၃၆၅ ကျပ်နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည်။ **(ပုံ)**

**မြို့တော်သတင်း**





# ENANE INVITATIONAL JICA JUDO CHAMPIONSHIP 2025 ပြိုင်ပွဲတွင် ရွှေ ငါးခု၊ ငွေ လေးခုနှင့် ကြေး သုံးခု ဆွတ်ခူးရရှိခဲ့သော မြန်မာ့လက်ရွေးစင်ဂျူဒိုအားကစားအဖွဲ့အား ကြိုဆို

**ရန်ကုန် ဧပြီ ၁၇**

မလေးရှားနိုင်ငံ ပီနန်းမြို့၌ ဧပြီ ၁၁ ရက် မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် PENANG JICA INVITATIONAL JUDO CHAMPIONSHIP 2025 ပြိုင်ပွဲတွင် ရွှေငါးခု၊ငွေလေးခု၊ကြေးသုံးခုရရှိခဲ့သော မြန်မာဂျူဒိုအားကစားသမားများသည် ဧပြီ ၁၄ ရက် ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အဆိုပါ အောင်ပွဲရ မြန်မာဂျူဒိုအားကစားအဖွဲ့အား အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးနှင့်ဒုတိယညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌဦးထွန်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာ သိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားသမားများက ကြိုဆိုခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီ အဖွဲ့ဝင်များက ဂုဏ်ပြုဆုငွေကျပ် ၁၀သိန်း ချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲတွင် -36kg မအိချစ်ဆုစံ၊-70kg မယွန်းဝတီစိုး၊-55 kg ထိုက်ထိုက်ကျော်-57kg မပိုးအိအိ လွင်၊ +78kg မနန်းသဲနုနုစံတို့ကရွှေတစ်ခုစီ၊ -24kg သျှန်ကောင်းဆက်ပိုင်၊ -28kg ကောင်းကင်မင်းစစ်၊ -32kg အောင်ဇေထက်၊-70kg မဖြိုးရွှေဇင်ကျော်တို့က ငွေတစ်ခုစီ၊-32kg မခေတ်စံနန်းထွဋ်၊-38kg မြတ်ဘုန်းခန့်၊ -81kg



သန့်ဇင်ဝင်းအောင်တို့က ကြေးတစ်ခုစီ အသီးသီးဆွတ်ခူးရရှိကြသည်။ ပြိုင်ပွဲတွင် မလေးရှား၊ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗြူနိုင်း ဗြိုဗော်ကျော သို့ —

နီးရှား၊ စင်ကာပူ၊ ဩစတြေးလျ စသည့် အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံ၊ အသင်းပေါင်း ၃၁ သင်းမှ အားကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **အားကစားသတင်းထောက်**

# မြောင်းမြအကျဉ်းထောင် အကျဉ်းသား၊ အကျဉ်းသူ ၂၁၁ ဦး လွတ်ငြိမ်းချမ်းသာခွင့်ရ

**မြောင်းမြ ဧပြီ ၁၇**

မြောင်းမြအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား ၁၅၄ ဦး၊ အကျဉ်းသူ ၅၇ ဦး စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၂၁၁ ဦး တို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၇-၄-၂၀၂၅ ရက်စွဲပါ အမိန့်စာအမှတ် (၃၁/၂၀၂၅) အရ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ မြောင်းမြအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံလျက်ရှိသည့် လွတ်ငြိမ်းချမ်းသာခွင့်ရ အကျဉ်းသား၊အကျဉ်းသူ ၂၁၁ ဦးအား မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းငွေး၊ ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးသောင်းထိုက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး အုန်းသိန်းနှင့် တာဝန်ခံအရာရှိ ဦးစောဇော်မြင့်ဆွေတို့က ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁ (၁) အရ ပြစ်ဒဏ်များကို လွတ်ငြိမ်းချမ်းသာခွင့်ပြုပြီး တည်ဆဲဥပဒေများကို တိကျစွာ လိုက်နာလျက်ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင်စားသောက်ကြရန် မှာကြားခဲ့ပြီး ၎င်းတို့၏ခရီးစရိတ် ငွေကျပ် ၁၄၄၉၉၁၀၊ စားစရိတ် ငွေကျပ် ၂၂၇၀၀၀ နှင့် လုပ်အားခ ငွေကျပ် ၁၀၃၃၅၀၀ တို့ကို ပေးအပ်၍ နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**







ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (ဝဲပုံ) နှင့် ဇီဝိတဒါန ငှက်ဘေးမဲ့လွှတ်ခြင်းကို လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ရင်ပြင်တော်ပေါ်တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက ငှက်များကို ကောင်းကင်သို့ ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ပေးစဉ်။ (ယာပုံ)

**(စာ-၁)အင်းစိန်မြို့နယ်၊လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)မှ** ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တက်ရောက်ကြည်ညိုကြသည့် ဧည့်ပရိသတ်များက အောင်ဆန်းတပ်ဦး တောရကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါနိမန္တနကထာ၊ ဒေဝနိမန္တနကထာ၊ ဇယန္တောဗောဓိယာ ဂါထာတော်၊ သဗ္ဗဇေယျမင်္ဂလာအောင်ဂါထာတော်များ ရွတ်ဖတ်ပေးခြင်းနှင့် ငြိမ်းအထက် ရုပ်ပွားတော်မြတ်ကြီး မျက်နှာတော်ရှေ့တွင် ဆရာတော်ကြီးများနှင့် ဧည့်သည်တော်ကြီးများက မျက်နှာသစ်တော်ရေ ဆက်ကပ်ပူဇော်ခြင်း၊ သွားတော်ဒန်ပူ ဆက်ကပ်ခြင်း၊ ယပ်တော်သွင်းခြင်းများကို ပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ကို ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား ဧည့်သည်တော်ကြီးများနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် နာယက ဆရာတော်ကြီးထံမှ ရေစက်ချတရားနာယူပြီး ဗုဒ္ဓသာသန် စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြသည်။

ယင်းနောက် ဇီဝိတဒါန ငှက်ဘေးမဲ့လွှတ်ခြင်းကို လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ရင်ပြင်တော်ပေါ်တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းဦးစီးချုပ် ဗိုလ်မှူးကြီး သက်ပိုင်ဇော်နှင့် တာဝန်ရှိသူများက ငှက်များကို ကောင်းကင်သို့ ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို (ပြန်/ဆက်)**



ရန်ကုန်မြို့တော်ဝန်၏ ဇနီး ဒေါ်စန်းစန်းအေး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-စာမျက်နှာ ၈)



ဒုတိယမြို့တော်ဝန် ဦးညီညီ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-စာမျက်နှာ ၈)



ရန်ကုန်မြို့တော်ဝန်၏ ဇနီး ဒေါ်စန်းစန်းအေး ရေကူးရေတွန်းစက်ရုံ ရေလှောင်ကန်အတွင်း အန္တရာယ်ကင်းပရိတ်ရေများ သွန်းလောင်းပေးစဉ်။ (သတင်း-စာမျက်နှာ ၈)



ဒုတိယမြို့တော်ဝန် ဦးညီညီ ရေကူးရေတွန်းစက်ရုံ ရေလှောင်ကန်အတွင်း အန္တရာယ်ကင်းပရိတ်ရေများ သွန်းလောင်းပေးစဉ်။ (သတင်း-စာမျက်နှာ ၈)

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

**(စာ - ၁) ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကြီးမှူး၍ ဇီဝိတဒါန ငါး၊ ငှက်ဘေးမဲ့လွှတ်မှ** ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ၎င်းတို့၏ ဇနီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲကို ဗဟန်းမြို့နယ်၊ ရွှေတိဂုံစေတီတော်၊ အနောက်ဘက်မုခ်၊ ရှင်ဥပဂုတ္တမင်္ဂလာကန်တော်တွင် ဆောင်ရွက်ရာ ရွှေတိဂုံစေတီတော်၊ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးသောင်းစိန်ဦးက ဇီဝိတဒါနဘေးမဲ့လွှတ်ပွဲ အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်မင်္ဂလာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ရောင်စုံငါးကြင်းကောင်ရေ ၁၀၀၀ ကို ဗဟန်းမြို့နယ်၊ ရွှေတိဂုံစေတီတော်၊ အနောက်ဘက်မုခ်၊ ရှင်ဥပဂုတ္တမင်္ဂလာကန်တော် အတွင်းသို့ လွှတ်ပေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဗဟန်းမြို့နယ်၊ ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်း ဇီဝိတဒါန ငါးနှင့်ငှက်လွှတ်ပွဲအခမ်းအနား ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ရွှေဝါငါးကြင်းကောင်ရေ ၆၀၀၀၀ ကို ဗဟန်းမြို့နယ်၊ ကန်တော်ကြီးသဘာဝဥယျာဉ်ကန်အတွင်းသို့ လွှတ်ပေးခဲ့ပြီး စာကလေးငှက် ၁၀၀၀ ကောင်နှင့် ချိုးငှက် ၃၆ ကောင်တို့ကို ကောင်းကင်သို့ ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဗဟန်းမြို့နယ်၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ သီရိရတနာခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့် အသက် (၈၀) အထက် ဘိုးဘွား ၇၉ ဦးအတွက် တစ်ဦးလျှင် တစ်သိန်းကျပ်နှုန်း၊ အသက် (၈၀) အောက် ဘိုးဘွား ၅၁ ဦးအတွက် တစ်ဦးလျှင် ငါးသောင်းကျပ်နှုန်းတို့ကို ဘိုးဘွားများ လက်ဝယ်အရောက် ပူဇော်ကန်တော့၍ လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း ဘိုးဘွားများလက်ဝယ်အရောက် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းဒေသကြီး ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဘိုးဘွားများအတွက် စုပေါင်းလှူဒါန်းသည့် အလှူငွေ နှစ်ရာခုနစ်ဆယ့်ခုနစ်သိန်းကျပ်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက ပေးအပ်လှူဒါန်းရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းဆွေက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို (ပြန်/ဆက်)**




ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ရွှေဝါငါးကြင်းကောင်ရေ ၆၀၀၀၀ ကို ဗဟန်းမြို့နယ်၊ ကန်တော်ကြီး သဘာဝဥယျာဉ်ကန်အတွင်း လွှတ်ပေးစဉ်။




ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ စာကလေးငှက် ၁၀၀၀ ကောင်နှင့် ချိုးငှက် ၃၆ ကောင်တို့ကို ကောင်းကင်သို့ ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ပေးကြစဉ်။

# ယနေ့ဈေးကွက်ပေါက်ဈေး

**ရန်ကုန် မေ ၁၇**

## ၁၆.၄.၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ ငွေကျပ် ၅,၆၃၀,၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၇ | ၂၉၆၈ |
| 95 Ron | ၂၉၃၆ | ၃၀၂၈ |
| HSD (500 ppm) | ၂၄၃၅ | ၂၅၁၃ |
| HSD (50 ppm) | ၃၀၂၅ | ၃၁၁၅ |
| HSD (10 ppm) | ၃၀၂၅ | ၃၁၁၅ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ဆန် (အိတ်)ဆန်ကုန်စည်ဒိုင်ဈေး**

ငစိန် ကျပ် ၇၁၀၀၀ - ၇၂၅၀၀ - ၇၃၀၀၀
ဧည့်မထ ကျပ် ၇၁၀၀၀ - ၇၂၀၀၀ - ၇၃၀၀၀
ပေါ်ကွဲ ကျပ် ၁၀၀၀၀၀ - ၁၀၂၀၀၀ - ၁၀၃၀၀၀
ပေါ်ဆန်း ကျပ် ၁၄၀၀၀၀ - ၁၄၅၀၀၀ - ၁၅၀၀၀၀

**ဆီ(ပိဿာချိန်)**

စားအုန်းဆီ(လက်ကား) ကျပ် ၆၇၇၀ - ၇၂၀၀
စားအုန်းဆီ(လက်လီ) ကျပ် ၇၀၁၀ - ၇၅၀၀
ပဲဆီ(လက်ကား/လက်လီ) ကျပ် ၁၃၀၀၀ - ၁၆၀၀၀ - ၂၂၀၀၀
နှမ်းဆီ(လက်ကား/လက်လီ)ကျပ် ၁၇၀၀၀-၂၀၀၀၀

**အသား(ပိဿာချိန်)**

အမဲသား(ဒိုင်ဈေး) ကျပ် ၂၂၀၀၀
(လက်လီဈေး) ကျပ် ၂၀၀၀၀-၂၅၀၀၀ - ၂၈၀၀၀
ဝက်သား(ဒိုင်ဈေး) ကျပ် ၂၅၅၀၀
(လက်လီဈေး) ကျပ် ၃၀၀၀၀ - ၃၅၀၀၀
ဆိတ်သား (ဒိုင်ဈေး) ကျပ် ၂၅၀၀၀
(လက်လီဈေး) ကျပ် ၃၀၀၀၀ -၃၈၀၀၀ - ၄၀၀၀၀

**ကြက်/ဘဲ(ပိဿာချိန်)**

မွေးမြူရေးကြက်(ဒိုင်ဈေး) ကျပ် ၁၃၀၀၀ - ၁၄၅၀၀
(လက်လီဈေး) ကျပ် ၁၆၀၀၀ - ၂၀၀၀၀
ဒေသကြက်(ဒိုင်ဈေး) ကျပ် ၁၆၀၀၀ - ၂၆၀၀၀
(လက်လီဈေး) ကျပ် ၂၄၀၀၀ -၂၇၀၀၀ - ၃၀၀၀၀
ဘဲ(ဒိုင်ဈေး) ကျပ် ၁၅၀၀၀ - ၁၆၀၀၀
ဘဲ(လက်လီဈေး) ကျပ် ၁၀၀၀၀ -၁၂၀၀၀ - ၁၅၀၀၀

**ကြက်ဥ/ဘဲဥ(လုံးရေ)- ရောဝတီတိုင်းမှဝင်**

ကြက်ဥ(ဒိုင်ဈေး) ကျပ် ၃၅၅
ဘဲဥ ( ဒိုင်ဈေး) ကျပ် ၄၀၀
ကြက်ဥ(လက်လီဈေး) ကျပ် ၃၅၅ - ၃၆၀ - ၃၆၅
ဘဲဥ(လက်လီဈေး) ကျပ် ၄၅၀ - ၅၀၀

**ငါး (ရေချိုရေငန်ပိဿာချိန်)**

ငါးမြစ်ချင်း(ဒိုင်ဈေး) ကျပ် ၆၀၀၀ - ၇၅၀၀ - ၈၅၀၀
(လက်လီဈေး) ကျပ် ၈၀၀၀ - ၁၀၀၀၀ - ၁၂၀၀၀
ငါးကြင်း(ဒိုင်ဈေး) ကျပ် ၆၀၀၀ - ၁၁၀၀၀ - ၁၃၀၀၀
(လက်လီဈေး) ကျပ် ၁၀၀၀၀ - ၁၃၀၀၀ -၁၈၀၀၀
ငါးတန် (မြစ်) (ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၉၀၀၀ -၁၇၀၀၀
(လက်လီဈေး) ကျပ် ၁၂၀၀၀ - ၂၀၀၀၀
ငါးတန် မွေးမြူရေး(ဒိုင်ဈေး) ကျပ် ၄၀၀၀ - ၆၀၀၀
(လက်လီဈေး) ကျပ် ၅၀၀၀ -၁၀၀၀၀
ငါးခူ/ငါးကျည်း (ဒိုင်ဈေး) ကျပ် ၁၃၀၀၀ - ၁၈၀၀၀ - ၂၀၀၀၀
(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၂၀၀၀၀ - ၂၅၀၀၀
ငါးသလောက်(ဒိုင်ဈေး)ကျပ် ၁၂၀၀၀ - ၂၀၀၀၀ - ၂၇၀၀၀
(လက်လီဈေး) ကျပ် ၁၈၀၀၀ - ၂၅၀၀၀ - ၂၈၀၀၀
ငါးရံ့(ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၁၆၀၀၀ - ၁၈၀၀၀
(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၂၀၀၀၀ - ၂၅၀၀၀
ပင်လယ်ငါး(ဒိုင်ဈေး) ကျပ် ၄၀၀၀ - ၇၅၀၀ - ၁၀၀၀၀
(လက်လီဈေး) ကျပ် ၇၀၀၀ - ၈၀၀၀ - ၁၀၀၀၀
ရွှေငါး ကျပ် ၄၅၀၀ - ၅၅၀၀
ပလာတူး ကျပ် ၅၀၀၀ - ၇၀၀၀
ပုစွန်ကျော့(ဒိုင်ဈေး) ကျပ် ၁၁၀၀၀ - ၁၅၀၀၀
(လက်လီဈေး) ကျပ် ၁၂၀၀၀ - ၁၅၀၀၀ - ၂၀၀၀၀

**ကုန်ခြောက်(တစ်ပိဿာလက်ကားဈေး)**

ကြက်သွန်နီ(ဒိုင်ဈေး) ကျပ် ၁၀၀၀ - ၁၆၀၀ - ၁၈၀၀
(လက်လီဈေး) ကျပ် ၂၅၀၀ - ၃၅၀၀ - ၄၀၀၀
ကြက်သွန်ဖြူ(ဒိုင်ဈေး)ကျပ် ၅၅၀၀ - ၁၃၀၀၀ - ၁၃၅၀၀
(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၁၆၀၀၀ - ၁၈၀၀၀
အာလူး(ဒိုင်ဈေး) ကျပ် ၃၅၀၀ - ၄၅၀၀
(လက်လီဈေး) ကျပ် ၃၆၀၀ - ၅၀၀၀

**ငရုတ်ခြောက်(ပု)**

(ဒိုင်ဈေး) ကျပ် ၁၁၅၀၀-၁၂၀၀၀
(လက်လီဈေး) ကျပ် ၁၃၀၀၀ - ၁၆၀၀၀ - ၂၀၀၀၀

**ငရုတ်ခြောက်(ရှည်)**

(ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၈၃၀၀
(လက်လီဈေး) ကျပ် ၁၂၀၀၀ - ၁၅၀၀၀ -၁၈၀၀၀

**ဘုရင့်နောင်ကုန်စည်ဒိုင် (ရန်ကုန်တိုင်းဒေသကြီး)၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာန ထုတ်လုပ်ရေးရုံများ၊ မင်္ဂလာတောင်ညွန့် ကြက်၊ ဘဲဈေး၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စံပြငါးဈေး၊ ရွှေပိတောက်ငါးဈေးများမှ လက်လီ၊ လက်ကား ဈေးနှုန်းများ အနိမ့်ဆုံးနှင့် အမြင့်ဆုံးဖော်ပြထားခြင်းဖြစ်သည်။ ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ ပြောင်းလဲနိုင်ပါသည်။**

**(မြို့တော်သတင်း)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရက်စွဲ | ပေါ်ဆန်း တစ်ပြည် | ဧည့်မထ တစ်ပြည် | ငစိန် တစ်ပြည် | ပဲဆီ ပိဿာ | စားအုန်းဆီ ပိဿာ | ကြက်သွန်နီ ပိဿာ | ကြက်သွန်ဖြူ ပိဿာ | ကုလားပဲ ပိဿာ | မတ်ပဲ ပိဿာ | အာလူး ပိဿာ | ဆား ပိဿာ | ငရုတ်ရှည် ပိဿာ | ငရုတ်ပု ပိဿာ | ကြက်သား ပိဿာ | ဝက်သား ပိဿာ | အမဲသား ပိဿာ | ဆိတ်သား ပိဿာ | ငါးကြင်း ပိဿာ | ငါးမြစ်ချင်း ပိဿာ | ငါးခြောက်အာပြဲ ပိဿာ | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန် | ၁၆-၄-၂၀၂၅ | ၆၀၀၀/ ၈၀၀၀ | ၃၃၀၀/ ၄၀၀၀ | ၃၀၀၀/ ၃၅၀၀ | ၂၂၀၀၀ | ၇၀၁၀/ ၇၅၀၀ | ၄၀၀၀ | ၁၅၀၀၀/ ၁၆၀၀၀/ ၁၈၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၃၅၅/ ၃၆၀/ ၃၆၅ | ၄၅၀/ ၅၀၀ |
| | | ၁၇-၄-၂၀၂၅ | ၆၀၀၀/ ၈၀၀၀ | ၃၃၀၀/ ၄၀၀၀ | ၃၀၀၀/ ၃၅၀၀ | ၂၂၀၀၀ | ၇၀၁၀/ ၇၅၀၀ | ၄၀၀၀ | ၁၅၀၀၀/ ၁၆၀၀၀/ ၁၈၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၃၅၅/ ၃၆၀/ ၃၆၅ | ၄၅၀/ ၅၀၀ |
| | | | | | | | | | | | | | | | | | | | | | | | | |

**လက်လီဈေးနှုန်းဖြစ်ပါသည်**



ဖေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ပုပ္ပါးကုန်းရပ်ကွက်၊ ပြည်စံအောင်ရပ်ကွက်၊ သိုက်ချောင်းကျေးရွာနှင့် ဒိုးပင်ခုံကျေးရွာတို့၌ရွှေ့လျားရေသန့်စင်စက်ကြီးဖြင့် သောက်သုံးရေဂါလန် ၄၀၀၀ ကို မေ ၁၆ ရက်က ဖြန့်ဝေလှူဒါန်းပေးစဉ်။ နေဝ်လူး



ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ညောင်ပင်ကြီးစုကျေးရွာ၌ ရွှေ့လျားရေသန့်စင်စက်ကြီးဖြင့် သောက်သုံးရေ ဂါလန် ၂၄၀၀ ကို မေ ၁၆ ရက်က ဖြန့်ဝေလှူဒါန်းပေးစဉ်။ နေဝ်လူး



မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းကို မေ ၁၂ ရက်က တာဝန်ရှိသူများ ဝမ်ဘိုးကျေးရွာ၌ ကွင်းဆင်းစစ်ဆေးစဉ်။

စိန်လွင် (ကျေးလက်)



ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနား ကျင်းပစဉ်။



တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

**စာ-၁၆ ရွှေတိဂုံစေတီတော် မြတ်ကြီး၌ ရပ်ကျော်လျှပ်စစ်ပြည်သူ အများ ဘေးအန္တရာယ်ကင်းဝေး စေရန်မှ**

ယင်းနောက် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ တိပိဋကဩဝါဒါစရိယ၊စေတီယင်္ဂဏပဝရသီရိ မဟာဓမ္မဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ၊သ.စ.အဓမ္မာစရိယ (ဝဋ္ဋံသကာ) ပါဠိပါရဂူလှရတနာ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုကို ရေစက်သွန်းလောင်း အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်အဓိဋ္ဌာန်ပြု ဆုတောင်းခဲ့ကြသည်။

အဆိုပါ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင်၌ ဆရာတော်၊ သံဃာတော်များမှ ဧပြီ ၈ ရက်မှ ၁၆ ရက်အထိ ၉ ရက်တိုင်တိုင် ရပ်ကျော်လျှပ်စစ်ပြည်သူအများ ဘေးအန္တရာယ် ကင်းဝေးစေရန် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ပူဇော်ခဲ့ကြခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရား၊ စေတီများ၊ ဌာနဆိုင်ရာ ရုံးများ၊ တိုင်း/ ခရိုင်/ မြို့နယ်/ ရပ်ကွက်များတွင်လည်း ဆရာတော်၊ သံဃာတော်များနှင့် ဝတ်အသင်းအဖွဲ့များကလည်း ရပ်ကျော်လျှပ်စစ်ပြည်သူအများ ဘေးအန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို**
**(ပြန်/ဆက်)**

# မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပြီး ပရိတ်ရေများ ရေလှောင်ကန်ကြီးများအတွင်းသို့ သွန်းလောင်း



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သန်လျင်မြို့နယ်၊ မင်းကျောင်း ပထမပြန်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ပရိတ်ရေများ သွန်းလောင်းစဉ်။

**ရန်ကုန် ဧပြီ ၁၇**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြီးမှူး၍ မြို့တော်နေပြည်သူများ ဘေးအန္တရာယ် အမျိုးမျိုးမှ ကင်းရှင်းပြီး စိတ်ချမ်းမြေ့စွာဖြင့် နေထိုင်ကာ မိမိတို့ လုပ်ငန်းဆောင်တာများကို အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ယနေ့ ကျရောက်သည့် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့တွင် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်နာယူပြီး ပရိတ်ရေများကို ရေလှောင်ကန်ကြီးများအတွင်းသို့ သွန်းလောင်းသည်။

ရှေးဦးစွာ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမပထမထပ်ရှိအစည်းအဝေးခန်းမကြီး၌ ကျင်းပရာ မြို့တော်ဝန်၏ဇနီး ဒေါ်စန်းစန်းအေး၊ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီ ဝင်များ၊ ဌာနမှူးများ၊ ၎င်းတို့၏ ဇနီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သန်လျင်မြို့နယ်၊ မင်းကျောင်း ပထမပြန်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အရှင်သူမြတ်ထံမှ ပရိသတ်များက နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲများ ဆက်ကပ်ပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီးနောက် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ဒွိပိဋကဓရ၊ သာကေတမြို့နယ်၊ တိပိဋကာလင်္ကာရကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီးနောက် ဆရာတော်ကြီးများက အန္တရာယ်ကင်း ကမ္မဝါစာများ ရွတ်ဖတ်ပေးတော်မူကြသည်။

ယင်းနောက် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း ရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ နံနက် ၁၁ နာရီတွင် ရေလှောင်ကန်ကြီးများအတွင်းသို့ အန္တရာယ်ကင်း ပရိတ်ရေသွန်းလောင်းခြင်း အခမ်းအနားကို မရမ်းကုန်းမြို့နယ် (၅) ရပ်ကွက်ရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၊ ရေကူးရေတွန်းစက်ရုံ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သန်လျင်မြို့နယ်၊ မင်းကျောင်း ပထမပြန်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ဒွိပိဋကဓရ၊ သာကေတမြို့နယ်၊ တိပိဋကာလင်္ကာရကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိတို့ဦးဆောင်သည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက သတ်မှတ်နေရာ၌ အန္တရာယ်ကင်းပရိတ်ရေများ သွန်းလောင်းပေးသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်၏ဇနီး ဒေါ်စန်းစန်းအေးနှင့် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ၎င်းတို့၏ဇနီးများက အန္တရာယ်ကင်း ပရိတ်ရေများ ဆက်လက်သွန်းလောင်းပေးကြကြောင်း သိရသည်။

**သတင်း-မိုးဝေ**
**ဓာတ်ပုံ-ကျော်သူထက်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အတက်နေ့၌ ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ရေကစား

**ရန်ကုန် ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသည် မဟာသင်္ကြန်ပွဲတော် အတက်နေ့၌ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ရေကစားကြသည်။

မဟာသင်္ကြန်အတက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ငါးမြစ်ချင်းကောင်ရေ ၅၀၀၀ ကို ဗဟန်းမြို့နယ်၊ ကန်တော်ကြီးသဘာဝဥယျာဉ်ကန်အတွင်းသို့ ကုသိုလ်ဒါနအဖြစ် လွှတ်ပေးကြသည်။



**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ငါးမြစ်ချင်းကောင်ရေ ၅၀၀၀ ကို ဗဟန်းမြို့နယ်၊ ကန်တော်ကြီး သဘာဝဥယျာဉ်ကန်အတွင်းသို့ ကုသိုလ်ဒါနအဖြစ် လွှတ်ပေးကြစဉ်။**

၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် အတက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ဘုရား၊ ကျောင်း၊ ကန်များ၌ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ကုသိုလ်ဒါနပြု ဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မဟာသင်္ကြန်ကာလအတွင်း ဖွင့်လှစ်လျက်ရှိသည့် တရားရိပ်သာ၊ တရားစခန်းများ၌ တရားထိုင်ခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းတို့ဖြင့် အေးချမ်းသာယာစွာ ဆောင်ရွက်လျက်ရှိကြသည်။



**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်းမိသားစုများအား ရေပက်ဖျန်းပေးစဉ်။**

ဆက်လက်၍ ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်တွင် ဌာနဆိုင်ရာများနှင့် အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်း၊ မြို့နယ်အသီးသီးမှပြည်သူများက မိသားစုလိုက်၊ လူငယ်များက အဖွဲ့လိုက် အေးချမ်းစွာ လာရောက်နေမှုများ၊ မြန်မာ့ရိုးရာ သနပ်ခါးလိမ်းသည့် ဓလေ့ကို စီစဉ်ထားရှိသည့် နေရာတွင် ပြည်သူများပါဝင်ဆင်နွှဲ မြတ်နိုးစွာလိမ်းခြယ်နေမှုများနှင့်လမ်းလျှောက် မဟာသင်္ကြန်တွင်ပြည်သူများ ရေကစားနေမှုများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက လာရောက်ပါဝင်ဆင်နွှဲသည့် ပြည်သူများကို ရေပက်ဖျန်းပေးကြသည်။

ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများစုပေါင်း၍ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက သွားရောက်ကာ စတုဒိသာကျွေးမွေးနေမှုနှင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်စုကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် သနပ်ခါးလိမ်းသည့်ဓလေ့အား သရုပ်ဖော်လိမ်းနေမှုကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းမိသားစုများအား သပြေခက်ဖြင့် ရေပက်ဖျန်းပေးကြသည်။

**ခွဲထက်ကို**

**(ပြန်/ဆက်)**




**ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ဌာနဆိုင်ရာများနှင့်အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်း၊ မြို့နယ်အသီးသီးမှ ပြည်သူများက မိသားစုလိုက်၊ လူငယ်များက အဖွဲ့လိုက် အေးချမ်းစွာ လာရောက်နေမှုများ၊ မြန်မာ့ရိုးရာသနပ်ခါးလိမ်းသည့် ဓလေ့ကို စီစဉ်ထားရှိသည့်နေရာတွင် ပြည်သူများ ပါဝင်ဆင်နွှဲ မြတ်နိုးစွာလိမ်းခြယ်နေမှုများနှင့် လမ်းလျှောက်မဟာသင်္ကြန်တွင် ပြည်သူများ ရေကစားကြစဉ်။**

# မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူးအလှူအဖြစ် အကြိမ် (၇၀) မြောက် မြို့နယ်လုံးဆိုင်ရာဆွမ်းဆန်တော်လောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



**ကျောက်ပန်းတောင်း မေ ၁၇**

ကျောက်ပန်းတောင်းမြို့နယ်တွင် ၁၃၈၇-ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့် ဧပြီ ၁၇ ရက် နံနက် ၆ နာရီခွဲမှ စတင်၍ နှစ်သစ်ကူး အလှူအဖြစ် အကြိမ် (၇၀) မြောက် မြို့နယ်လုံး ဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲကြီးကို မြို့တစ်ပတ်လမ်းမကြီးများတစ်လျှောက် စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ နှစ်စဉ်မြန်မာနှစ်ဆန်း တစ်ရက် ရောက်တိုင်း၊ မြို့လုံးကျွတ်ဆွမ်းဆန်တော် လောင်းလှူပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ခြင်းဖြစ်ပြီး၊ ၂၀၁၉ ခုနှစ်တွင် (၆၉) ကြိမ်မြောက် ကျင်းပပြီးချိန်မှစ၍ ကိုဗစ်-၁၉ ရောဂါကပ်ဆိုးနှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် ရပ်နားခဲ့ရပြီး၊ ယခုနှစ်တွင် အကြိမ် (၇၀)မြောက် အဖြစ် ပြန်လည်ကျင်းပခြင်း ဖြစ်သည်။ ဆွမ်းတော် လောင်းလှူပွဲကို မြို့ပေါ်ရပ်ကွက် အသီးသီးရှိ အလှူရှင်များနှင့် မြို့နှင့်အနီးဝန်းကျင် ကျေးရွာများမှ အလှူရှင်များကဆွမ်းဆန်တော်နှင့် အခြား လှူဖွယ်ပစ္စည်းများကို မိမိတို့သဒ္ဓါတရားအလျောက် လောင်းလှူကြရာ မြို့ပေါ်ရှိစာသင်တိုက်ကြီးများ နှင့် ဘုန်းတော်ကြီးကျောင်းများ၊ မြို့နှင့်အနီး ဝန်းကျင်ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်း ၆၅ ကျောင်းနှင့် သီလရှင်စာသင်တိုက် ၉ တိုက် တို့မှ ရဟန်း၊ သာမဏေ ၂၀၀၅ ပါးနှင့် သီလရှင် ၄၈၃ ပါး ကြွရောက် အလှူခံယူတော်မူကြသည်။

ယနေ့ကျင်းပသည့် မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော် လောင်းလှူပွဲကို နယ်မြေခံ တပ်နယ်မှ တပ်နယ်မှူးဗိုလ်မှူးကြီး ဟိန်းဆက်နှင့် တပ်မတော် အရာရှိကြီးများ၊ တပ်ဖွဲ့ဝင်မိသားစု များ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ၊မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စေတနာ ရှင်၊ အလှူရှင်များ စုစုပေါင်း ၁၅၃၄ ဦး ခန့်က ဆွမ်းဆန်တော်၊ ဆီ၊ ကြက်သွန်နှင့် အခြား လှူဖွယ်ဝတ္ထုပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၃၈၄၀၀၀၀ သိန်းခန့်ကို နှစ်သစ်ကူးအလှူအဖြစ် လောင်းလှူခဲ့ကြကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

# မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီများ၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား



**ပခုက္ကူ ဧပြီ ၁၇**

၁၃၈၇ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီး ဘုရား၊ စေတီများ၌ ကောင်းမှုကုသိုလ် ပြုလုပ်သည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက် ရှိသည်။

ပခုက္ကူမြို့သည်ဗုဒ္ဓဘာသာ သာသနာထွန်းကား ရာ မြို့တစ်မြို့ဖြစ်သည်နှင့်အညီ သီဟိုဠ်ရှင် မြတ်စွာဘုရား၊ ရွှေကူမြတ်စွာဘုရား၊ ဖောင်တော် ဦးဘုရား၊ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးစသည့် ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား၊စေတီ များတည်ရှိရာ မြို့လည်းဖြစ်သောကြောင့် ဒေသခံ ပြည်သူများနှင့်အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာပြည်သူများသည် မြန်မာနှစ်ဆန်းတစ်ရက် (နှစ်သစ်ကူးကာလ) တွင် ဘုရား၊ စေတီတော် မြတ်ကြီးများရှိ ဗုဒ္ဓရုပ်ပွားတော်များ ရေသပ္ပါယ် ခြင်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူ ပူဇော်ခြင်းတို့ဖြင့် ကောင်းမှုကုသိုလ် ပြုလုပ်ကြ သည်။

**(CN-034)**


CITY FM

မြို့တော်အသံလွှင့်ဌာန

၁၇-၆-၂၀၂၅ (ကြာသပတေးနေ့)

| | |
|---|---|
| ၆:၀၀ | Opening/နိုင်ငံတော်သီချင်း |
| ၆:၃၀ | နံနက်ခင်းတရားတော်များ |
| ၇:၀၀ | နံနက်ချိန်ခါမင်္ဂလာတေး |
| ၇:၃၀ | မြို့ပြသီချင်းများ |
| ၈:၀၀ | နှလုံးသားထဲကသံစဉ်များ |
| ၈:၃၀ | ၁၉၉၉ |
| ၉:၀၀ | ရောင်စုံသီချင်းများ |
| ၉:၃၀ | Presenting Music |
| ၁၀:၀၀ | Duet Songs |
| ၁၀:၃၀ | စတိုင်ကျကျလူမှုဘဝ |
| ၁၁:၀၀ | English Oldies |
| ၁၂:၀၀ | နားဆင်မှတ်သားဖွယ်ဆောင်းပါးများ |
| ၁၂:၁၀ | နှစ်ပတ်လည်သီချင်းများ |
| ၁၂:၃၀ | International Modern Music |
| ၁:၀၀ | ရင်ထဲက ရေဒီယိုသီချင်းများ |
| ၂:၀၀ | ရတနာ့သုတ် |
| ၂:၀၈ | အလုပ်ပေးတရားတော်များ |
| ၃:၀၀ | တမ်းတနေဆဲသီချင်းများ |
| ၃:၃၀ | နှလုံးသားထဲကသံစဉ်များ |
| ၄:၀၀ | သူ့ဘဝသူ့အနုပညာ |
| ၄:၃၀ | K Pop Songs |
| ၅:၀၀ | 1999 |
| ၅:၃၀ | Popular Trend |
| ၆:၀၀ | Hidden Playlist |
| ၆:၃၀ | Duet Songs |
| ၇:၀၀ | ရင်ထဲက ရေဒီယိုသီချင်းများ |
| ၈:၀၀ | ရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၈:၃၀ | English Oldies |
| ၉:၀၀ | ပြန်လွှင့်တေးသံမြန်မာသံ |
| ည ၉ : ၄၅မှ ၁၁:၀၀ထိ | Easy Listening Songs (Instrumental Songs) |
| နောက်တစ်နေ့ နံနက် ၆:၀၀ | တစ်နေ့တာ အစီအစဉ်များ စတင်ခြင်း |

CITY FM

မြို့တော်အသံလွှင့်ဌာန

၁၈-၆-၂၀၂၅ (သောကြာနေ့)

| | |
|---|---|
| ၆:၀၀ | Opening/နိုင်ငံတော်သီချင်း |
| ၆:၃၀ | နံနက်ခင်းတရားတော်များ |
| ၇:၀၀ | နံနက်ချိန်ခါမင်္ဂလာတေး |
| ၇:၃၀ | မြို့ပြသီချင်းများ |
| ၈:၀၀ | ၅၂၈ နှလုံးသား |
| ၈:၃၀ | ခံစားတတ်ရင်မင်းအတွက် |
| ၉:၀၀ | ရောင်စုံသီချင်းများ |
| ၉:၃၀ | Presenting Music |
| ၁၀:၀၀ | Country Songs |
| ၁၀:၃၀ | ရန်ကုန်စာမျက်နှာ |
| ၁၁:၀၀ | English Oldies |
| ၁၂:၀၀ | နားဆင်မှတ်သားဖွယ်ဆောင်းပါးများ |
| ၁၂:၁၀ | သိလိုရာမေးအားပေးနှစ်သိမ့် |
| ၁၂:၃၀ | International Modern Music |
| ၁:၀၀ | ရင်မှဖြစ်သောချစ်စကား |
| ၂:၀၀ | ရတနာ့သုတ် |
| ၂:၀၈ | အလုပ်ပေးတရားတော်များ |
| ၃:၀၀ | ရန်ကုန်စာမျက်နှာ |
| ၃:၃၀ | Solo Art |
| ၄:၀၀ | Copy Copy Copy |
| ၄:၃၀ | Hip Hop Time |
| ၅:၀၀ | ခံစားတတ်ရင်မင်းအတွက် |
| ၅:၃၀ | Weekly Sport Album |
| ၆:၀၀ | အိမ်ပြန်ချိန်သီချင်းများ |
| ၆:၃၀ | အိမ်ပြန်ချိန်သီချင်းများ |
| ၇:၀၀ | ရင်ထဲက ရေဒီယိုသီချင်းများ |
| ၈:၀၀ | သိလိုရာမေးအားပေးနှစ်သိမ့် |
| ၈:၃၀ | Blues Garden |
| ၉:၀၀ | မြန်မာ့ဂန္ထဝင်တေးများ |
| ည ၉ : ၄၅မှ ၁၁:၀၀ထိ | Easy Listening Songs (Instrumental Songs) |
| နောက်တစ်နေ့ နံနက် ၆:၀၀ | တစ်နေ့တာ အစီအစဉ်များ စတင်ခြင်း |


# မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ခဲ့သည့်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်



**တောင်ကြီး ဧပြီ ၁၇**

မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ညောင်ရွှေမြို့၊ အင်းလေးဒေသရှိ ကျေးရွာများ သန့်ရှင်းသောသောက်သုံးရေရရှိရေး အတွက် ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့်ပြည်နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်တိုက်အားတိုက်ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းနှင့်အဖွဲ့သည် ဧပြီ ၁၆ ရက်တွင် အင်းလေးဒေသနန်းသဲ၊ ဆီဆုံရှေ့/နောက်/ရှေ့ဝကြီး/ အိုင်ဒေါင့်ကြီး/ ကေလာ၊ ရွာမအုပ်စုကျေးရွာရှစ်ရွာနှင့် မကျည်းဆိပ်ကျေးရွာများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ကွင်းဆင်းစစ်ဆေး တိုင်းတာခြင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

လက်ရှိအချိန်အထိ အင်းလေးဒေသ ကျေးရွာ ၂၁ ရွာတွင် စက်ရေတွင်းအသစ် တူးဖော်ခြင်း/စိမ့်စမ်းရေသွယ်လုပ်ငန်း ပြုပြင်ခြင်း/ ဆိုလာရေတင်ပန့်များ တပ်ဆင်ခြင်း/ရေသန့်စက်များ အသစ်တပ်ဆင်ပေးခြင်း/ ပျက်စီးရေသန့်စက်များပြုပြင်ခြင်း/ ရေပိုက်များ ထောက်ပံ့ခြင်းနှင့်ရေလှောင်ကန်ပုံးကြီးများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# မြို့တော်သတင်းစာတွင် ပြည်သူတို့၏ လူမှုဘဝ ကဏ္ဍအစုံစုံတို့ကို ဖော်ပြ၊ ပြန်ကြားပေးမည့် မြို့တော်အသံကဏ္ဍကို ဖွင့်လှစ်ထား

**ရန်ကုန် ဧပြီ ၁၇**

မြို့တော်သတင်းစာအား ၂၀၂၁ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ နေ့စဉ် ညနေခင်းသတင်းစာအဖြစ် ပြန်လည်ဆန်းသစ် ထုတ်ဝေလျက်ရှိရာ မြို့တော်နေပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် လူမှုဘဝကဏ္ဍပေါင်းစုံမှ ပြုပြင်ပေးစေလိုသော ကိစ္စရပ်များ၊ လိုအပ်ချက်များ၊ ပြည်သူတို့၏ နစ်နာဆုံးရှုံးမှုများကို ဖော်ပြပေးနိုင်ရန်၊ မျှဝေပေးနိုင်ရန်နှင့် ဆွေးနွေးညှိနှိုင်း၊ အဖြေရှာ ပြန်ကြားပေးနိုင်ရန် တို့အတွက် မြို့တော်အသံကဏ္ဍကိုဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ရေးသား ပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ မှတ်တမ်းဓာတ်ပုံများကိုလည်း ပူးတွဲပေးပို့နိုင်ပါသည်။ ရေးသားပေးပို့ရာတွင် အမည်၊ နေရပ်လိပ်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကတ်ပြားမိတ္တူနှင့် ဆက်သွယ် ရမည့် ဖုန်းနံပါတ်တို့ကိုလည်း ပြည့်စုံစွာ ဖော်ပြပေးရန် အသိပေး အပ်ပါသည်။ မြို့တော်သတင်းစာတိုက် ဖုန်း ၀၁ - ၇၅၀၃၆၂၆၊ Fax: 01-7503670၊ yangoncitynews@gmail.com သို့ ပေးပို့နိုင်သည်။

**(မြို့တော်သတင်း)**

## လေးမျက်နှာမြို့နယ် ဝဲန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်

**လေးမျက်နှာ ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ခတ္တာကျေးရွာအုပ်စု ငှက်ပျောတောကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် စတုမုခထူပါရုံ စေတီတော်အနီး ဝဲန်မြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ခြင်းကို ဧပြီ ၁၁ ရက်က ပြုလုပ်သည်။

မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စဉ် ဇီဝိတဒါနငါးလွှတ်ခြင်း၊ ငါးမျိုးမပြုန်းတီးရေး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဝဲန်မြစ်အတွင်းရှိ ရေလုပ်သားများအား ငါးဖမ်းရာတွင် ရှော့တိုက်ဖမ်းခြင်းများ မပြုလုပ်ရန်နှင့် စည်းကမ်းချက်များထုတ်ပြန်ကာ အရေးယူဆောင်ရွက်လျက်ရှိပြီး ဝဲန်မြစ်အတွင်းသို့ ငါးမြစ်ချင်းအကောင်ရေတစ်သောင်းတစ်ထောင် စိုက်ထည့်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းမင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှဝန်ထမ်းများ၊ အမျိုးသမီးရေးရာ



အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကာ စုပေါင်းငါးလွှတ်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

## အင်းစိန်မြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များကင်းရှင်းစေရန်ရည်ရွယ်၍ ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားကို ဧပြီ ၁၁ ရက်က ကြို့ကုန်းအနောက်ရပ်ကွက် ငါးလုပ်ငန်းဦးစီးဝင်း ဆိပ်ကမ်းသစ်ဆိပ်လမ်း အမှတ်(၄)ရှိ မျိုးသီဟပြည့်စုံကုန်တင်ကုန်ချဆိပ်ကမ်း၌ ပြုလုပ်သည်။

ဇီဝိတဒါနငါးလွှတ်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများက ငါးကြင်းရွှေဝါကောင်ရေ တစ်သောင်းကျော်ကို ဇီဝိတဒါနအဖြစ် မြစ်အတွင်းသို့လွှတ်ပေးခဲ့ကြကြောင်းသိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)



## ညောင်တုန်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကြဲပက်ခြင်းနှင့် မျိုးစေ့ပေးအပ်ပွဲကျင်းပ

**ညောင်တုန်း ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကြဲပက်ခြင်းနှင့် မျိုးစေ့ပေးအပ်ပွဲကို



ဧပြီ ၁၃ ရက်က ဆားမလောက်ကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် နည်းပညာပြန့်ပွားရေးစင်တာ၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှုချောက သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိတိုးလာခြင်း၊ သွင်းအားစုဓာတ်မြေဩဇာ လျှော့ချသုံးစွဲနိုင်ခြင်း၊ သီးနှံအရည်အသွေး တိုးတက်ကောင်းမွန်လာခြင်း စသည့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ထို့နောက် ဆားမလောက်ကျေးရွာ ကွင်းအမှတ်(၃၈၂) ရှိ တောင်သူများ၏ လယ်မြေဧက ၅၀ တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက်ခြင်း ဆောင်ရွက်ခဲ့ပြီး တာဝန်ရှိသူများက တက်ရောက်လာကြသည့် ဒေသခံတောင်သူများထံသို့ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များ ပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ဇလွန်မြို့နယ်၌ သစ်စိမ်းမြေဩဇာ မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲပြုလုပ်



**ဇလွန် ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြုလုပ်သော ၂၀၂၄ - ၂၀၂၅ မိုးစပါးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲအခမ်းအနားကို ဧပြီ ၁၁ ရက်က ဖက်သောင်ကျေးရွာအုပ်စု တောင်သူဒေါ်တင်လှိုင်၏ လယ်မြေ ၁၄ ဧက၌ ပြုလုပ်သည်။

သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆံလျှော် စိုက်ပျိုးနိုင်ရေး၊ ပိုက်ဆံလျှော်မြေခံစိုက်ပျိုးခြင်းဖြင့် မြေဆီဩဇာထက်သန်စေပြီး သွင်းအားစုဓာတ်မြေဩဇာ လျှော့ချသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းပိုမိုရရှိကာ တောင်သူဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များက ပိုက်ဆံလျှော်မျိုးစေ့များကို တောင်သူများထံပေးအပ်ပြီး မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များ စုပေါင်းကြဲပက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အုတ်ဖိုမြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲပြုလုပ်



**အုတ်ဖို ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ဇီဝိတဒါန ငါးလွှတ်ပွဲကို ဧပြီ ၁၂ ရက်က ဂုံညင်းတန်း ကျေးရွာထိပ်ရှိ မင်းလှ ရေလှောင်တမံ လက်ယာတူးမြောင်းခွဲတွင် ကျင်းပသည်။

အဆိုပါဇီဝိတဒါန ငါးလွှတ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်း စခန်းတာဝန်ခံ ဒေါ်မိုးသီတာနှင့် ဝန်ထမ်းများ၊ ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး စုစုပေါင်း ငါးကောင်ရေ ၁၁၀၀၀ ကို ဇီဝိတဒါနအဖြစ် ရေကန်အတွင်းလွှတ်ပေးခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)

## မြိတ်မြို့၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

**မြိတ် ဧပြီ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ကြီးရပ်ကွက် ကမ်းနားလမ်းရှိ သစ်ယာဝရေဆင်းတံတား၌ မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဧပြီ ၁၁ ရက်က ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ရာတွင် ကင်းပုစွန် အကောင် ၂၀၀၊ ကဏန်းအကောင် ၂၀၀ နှင့် ရေငန်ငါးအကောင် ၁၅၀၀ ကို ဇီဝိတဒါနအဖြစ် မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မြိတ်မြို့ကမ်းနားသဘာဝရေပြင်အတွင်းသို့ စုပေါင်းငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)





## ဒေါ်ပုံမြို့နယ်၌ မဟာသင်္ကြန်အတက်နေ့တွင် ဇီဝိတဒါန ငှက်လွှတ်ပွဲ ကျင်းပ

**ဒေါပုံ ဧပြီ ၁၇**

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်၌ ပြည်သူများဘေးအန္တရာယ် ကင်းရှင်းစေရန်ရည်ရွယ်၍ ဇီဝိတဒါနငှက်လွှတ်ပွဲကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်နှင့်အဖွဲ့ဝင်များ၊ ဗိုလ်တထောင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်နှင့်အဖွဲ့ဝင်များက ဇီဝိတဒါနအဖြစ် ငှက်များလွှတ်ခဲ့ကြသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးထက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေဇင်ဖြိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဇီဝိတဒါနအဖြစ် ငှက်များလွှတ်ခဲ့ကြသည်။ ထို့နောက် ငှက်လွှတ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မြို့နယ်အတွင်းရှိ ပြည်သူများအား မုန့်လက်ဆောင်းစတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

ချစ်စုဝေ (ပြန်/ဆက်)

# အစိမ်းရောင်စွမ်းအင်သုံးကုန်စည်များဖြင့် ဥရောပဈေးကွက်ဝင်ရန် အင်ဒိုနီးရှား လုပ်ဆောင်

**ဂျာကာတာ မေ ၁၇**

**အမေရိကန်၏ အခွန်စည်းကြပ်မှုမှ သက်သာစေရန် စိမ်းလန်းသော သဘာဝစွမ်းအင်အရင်းအမြစ်များကို အသုံးချ၍ ဥရောပဈေးကွက်သို့ ဝင်ရောက်ရန် လုပ်ဆောင်နေကြောင်း အင်ဒိုနီးရှား စွမ်းအင်နှင့်သတ္တုအရင်းအမြစ်ဝန်ကြီးက မေ ၁၆ ရက်တွင် ပြောသည်။**

အင်ဒိုနီးရှား၌ ဥရောပအပါအဝင် အခြားမည်သည့်နေရာတွင်မဆို ဈေးကွက်ထိုးဖောက်နိုင်သည့် အစိမ်းရောင် သဘာဝစွမ်းအင် အားသာချက်များရှိပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ရှိကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ပါက နိုင်ငံအတွင်း အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၀၀,၀၀၀ ခန့် ဖန်တီးပေးနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၇၀ ဘီလျံအထိ ရရှိနိုင်ကြောင်း သိရသည်။

အမေရိကန်အနေဖြင့် အင်ဒိုနီးရှားအပေါ် အခွန်စည်းကြပ်မှုကို ၃၂ ရာခိုင်နှုန်းအထိတိုးမြှင့်လိုက်ပြီးနောက် အင်ဒိုနီးရှားဘက်က ယခုကဲ့သို့ တုံ့ပြန်လာခြင်းဖြစ်ပြီး ယခုအကြောင်းအရာသည် ကုန်သွယ်ရေးဗျူဟာ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

(ref:AP)



# IAEA အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှု ရပ်ဆိုင်းမည်ဟု အီရန် ပြော

**တီဟီရန် မေ ၁၇**

**နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အမေရိကန်က ဖိအားပေးနေစဉ်တွင်နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)နှင့် ပူးပေါင်း ဆောင်ရွက်မှုများကို ရပ်ဆိုင်းမည်ဟု အီရန်က မေ ၁၆ ရက်တွင် ပြောသည်။**

အီရန်ကို နျူကလီးယား ပိုင်ဆိုင်ခွင့်ပြုမည်မဟုတ်ဘဲ လိုအပ်ပါက စစ်ရေးအရအရေးယူမည်ဟု ကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားပြီး နောက် အီရန်အပေါ် မည်သည့် စစ်ရေးတိုက်ခိုက်မှု အစီအမံမျိုးကိုမဆို တားဆီးမည်ဖြစ်ကြောင်း အီရန်ဘာသာရေးခေါင်းဆောင် ခါမေနီက တုံ့ပြန် ပြောဆိုသည်။



ယင်းအစီအမံများတွင် IAEA စစ်ဆေးရေးမှူးများကို နှင်ထုတ်ခြင်း၊ သန့်စင်ပြီး ယူရေနီယံများကို နေရာရွှေ့ပြောင်းခြင်းများလည်း ပါဝင်မည်ဖြစ်ပြီး အီရန်အနေဖြင့် နျူကလီးယားအစီအစဉ်ကို ငြိမ်းချမ်းရေးအတွက်သာ ရည်ရွယ်ကာ လက်နက်ပိုင်ဆိုင်ရန် ကြိုးစားခြင်း မရှိကြောင်း အီရန်သမ္မတ မာဆွတ်ပီဇက်ရှ်ကီယန်က ပြောသည်။ အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပေးထားသည့် နျူကလီးယား သဘောတူညီချက်ကို ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်တို့အကြား ၂၀၁၅ ခုနှစ်က ပြုလုပ်ခဲ့သော်လည်း သမ္မတထရမ့်သည် ယင်း၏ ပထမအကြိမ် သမ္မတသက်တမ်းတွင် အဆိုပါသဘောတူစာချုပ်မှ နုတ်ထွက်ပြီး အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ခဲ့သည်။

(ref:AFP)



# မော်တော်ယာဉ်စည်းကြပ်ခွန်များ ယာယီရပ်ဆိုင်းရန် သမ္မတ ထရမ့် ဆွေးနွေး

**ဝါရှင်တန် မေ ၁၇**

**မော်တော်ယာဉ်ထုတ်လုပ်သူများ၏ ထောက်ပံ့ရေးကွင်းဆက်များ ပြင်ဆင်ချိန်ညှိနိုင်ရန်အတွက် မော်တော်ယာဉ်စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်းကို ယာယီရပ်နားထားရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဆွေးနွေးနေကြောင်း သိရသည်။**

ကနေဒါ၊ မက္ကဆီကိုနှင့် အခြားနိုင်ငံများက ကားထုတ်လုပ်နေသူများအနေဖြင့် ရွှေ့ပြောင်းနေရာချ ထုတ်လုပ်နိုင်ရန် အချိန်အနည်းငယ် လိုအပ်မည်ဖြစ်သည့်အတွက် ၎င်းတို့၏ ကားကုမ္ပဏီများကို ကူညီရန် စဉ်းစားနေခြင်းဖြစ်ကြောင်း သမ္မတထရမ့်က ပြောသည်။

Ford၊ General Motor နှင့် Stellantis တို့ကိုကိုယ်စားပြုသည့် American Automotive Policy Council ဥက္ကဋ္ဌက ပြည်တွင်းကားထုတ်လုပ်မှုတိုးမြှင့်ရေးအတွက်ထရမ့်၏အခွန်စည်းကြပ်မှုသည်အမေရိကန်မော်တော်ယာဉ်ထုတ်လုပ်မှုကို ထိခိုက်စေမည်မဟုတ်ကြောင်းနှင့် ထောက်ပံ့ရေးကွင်းဆက် ပြောင်းလဲမှုအတွက်သာ အချိန်ယူရမည်ဖြစ်ကြောင်း ပြောသည်။

ပြီးခဲ့သည့် မတ် ၂၇ ရက်က မော်တော်ယာဉ်စည်းကြပ်ခွန်ကို ၂၅ ရာခိုင်နှုန်းကောက်ခံမည်ဟု ကြေညာစဉ်က ထရမ့်သည် အမြဲတမ်းအတွက်ဟုပြောခဲ့သော်လည်း ပြီးခဲ့သည့်ရက်သတ္တပတ်က အမေရိကန် ကြွေးမြီအတိုးနှုန်းများ မြင့်တက်လာပြီးနောက် နိုင်ငံအများစုအပေါ် စည်းကြပ်ခွန် ရက် ၉၀ ဆိုင်းငံ့ထားမည်ဟု ထရမ့်က ပြန်လည်ကြေညာခဲ့သည်။ (ref:Reuters)

ရဲခေါင် စုစည်းတင်ပြသည်။

# ကမ္ဘာထက် နှစ်ဆကြီးသည့် ဂြိုဟ်ကြီး နာဆာ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် မေ ၁၇**

**ကမ္ဘာထက် နှစ်ဆကြီးမားသည့် ဂြိုဟ်ကြီးကို နာဆာက ရှာဖွေတွေ့ရှိထားပြီး 55 Cancrie ဟု သိပ္ပံနာမည်ပေးထားသည့် ဂြိုဟ်ကြီးကို ၂၀၀၄ ခုနှစ်ကတည်းက ရှာတွေ့ခဲ့သော်လည်း စစ်ဆေးမှုများပြုလုပ်ပြီး ယခုမှသာ တရားဝင် သတင်းထုတ်ပြန်ခြင်း ဖြစ်ကြောင်း သိရသည်။**

55 Cancrie ဂြိုဟ်ကြီး၏ လေထုဖွဲ့စည်းမှုနှင့် မျက်နှာပြင်အခြေအနေများကို Hubble Space တယ်လီစကုပ်၊ Spitzer Space တယ်လီစကုပ်နှင့် James Webb Space တယ်လီစကုပ်ကြီးများနှင့် လေ့လာခဲ့ကြခြင်းဖြစ်ပြီး ယင်းဂြိုဟ်ကြီးသည် ကမ္ဘာထက် နှစ်ဆကြီးကာ အလေးချိန် ရှစ်ဆပိုလေးကြောင်း သိရသည်။

55 Cancrie သည် ကမ္ဘာထက် သိသာစွာ ကြီးမားသည့် ကျောက်ဆောင် ဂြိုဟ်တစ်ခုဖြစ်ပြီး နက်ပကျွန်းထက် သေးငယ်သည့် ဂြိုဟ်တစ်ခုဖြစ်ကြောင်း၊ ယင်းဂြိုဟ်သည် အလွန်ပူပြင်းပြီး တစ်ဖက်တွင် အမြဲနေ့ဘက်ဖြစ်နေကာ အခြားတစ်ဖက်တွင် အမြဲညဘက်ဖြစ်နေသည့် အခြေအနေတွင် ရှိကြောင်း သိရသည်။



ထို့ကြောင့် နေ့ဘက်အပူချိန်သည် ၂၇၀၀ ကယ်လ်ဗင် (၂၄၃၀ ဒီဂရီစင်တီဂရိတ်) အထိရှိပြီး ညအပူချိန်သည် ၁၃၈၀ ကယ်လ်ဗင် (၁၁၁၀ ဒီဂရီစင်တီဂရိတ်) ခန့်ရှိကြောင်း သိရသည်။

(ref:Daily Mail)




# ထိုင်းအမျိုးသားဥယျာဉ်များတွင် အရက်သောက်ခွင့် တားမြစ်စည်းမျဉ်းများ ဖြေလျှော့မည်

**ဘန်ကောက် မေ ၁၇**

**ထိုင်းနိုင်ငံရှိ အမျိုးသားဥယျာဉ်များတွင် အရက်သောက်ခွင့် တားမြစ်ထားသည့် စည်းမျဉ်းများ ပြန်လည်ပြင်ဆင် ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ထိုင်းအမျိုးသားဥယျာဉ်၊ တောရိုင်းတိရစ္ဆာန်နှင့် အပင်ထိန်းသိမ်းရေးဦးစီးဌာန (DNP)က ကြေညာချက်ထုတ်ပြန်ထားသည်။**

အမျိုးသားဥယျာဉ်၊ တောရိုင်းတိရစ္ဆာန်နှင့် အပင်ထိန်းသိမ်းရေးဦးစီးဌာန (DNP)က အရက်သောက်ရန် သတ်မှတ်ဇုန်များနှင့် အရက်သောက်ခွင့်မပြုသည့်ဇုန်များသတ်မှတ်၍ ခွင့်ပြုပေးမည်ဖြစ်ပြီး စည်းမျဉ်းများကို ပြန်လည်ပြင်ဆင်ရန် ဥယျာဉ်မှူးက ခွင့်ပြုမိန့်ထုတ်ပေးထားကြောင်း သိရသည်။

လက်ရှိတွင် ဥယျာဉ်အနီး စခန်းချသူများ အထူးသဖြင့် အခြားဧည့်သည်များ အနှောင့်အယှက်မဖြစ်ရန် အရက်သေစာ သောက်စားခြင်းကို တားမြစ်ထားပြီး အပြီးသတ် အတည်ပြုချက်အတွက် ပြင်ဆင်ချက်များကို အသေးစိတ် ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်လအတွင်း စည်းမျဉ်းသစ်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေပြီး ယင်းစည်းမျဉ်းသည် နိုင်ငံတစ်ဝန်း အမျိုးသားဥယျာဉ်များကို သက်ရောက်မည်ဖြစ်ကြောင်း အမျိုးသားဥယျာဉ်၊ တောရိုင်းတိရစ္ဆာန်နှင့် အပင်ထိန်းသိမ်းရေးဦးစီးဌာန (DNP) အကြီးအကဲတစ်ဦးက ပြောသည်။

(ref:Bangkok Post)



## ခိုင်နှင်းဝေဖောင်ဒေးရှင်းနှင့် ၇ ရက်သားသမီးအပေါင်းတို့ အင်းလေးဒေသ လျောင်ဒဏ်သင့် ၂၂၉၇ အိမ်အတွက် ကျပ် သိန်း ၂၃၀၀၀ လှူဒါန်း

**ရန်ကုန် မေ ၁၇**

ခိုင်နှင်းဝေဖောင်ဒေးရှင်းနှင့် ၇ ရက်သားသမီးအပေါင်းတို့ စုပေါင်းပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသရှိ လျောင်ဒဏ်သင့်ပြီး အလုံးစုံပျက်စီးသွားသော အိမ်ခြေ ၂၂၉၇ အိမ်အတွက် တစ်အိမ်ထောင်လျှင် ကျပ် ၁၀သိန်းနှုန်းဖြင့် ကျပ်သိန်း ၂၃၀၀၀ လှူဒါန်းခြင်းကို မေ ၁၀ ရက်တွင် ပြုလုပ်သည်။

အင်းလေးဒေသတွင် စာရင်းရှိ အိမ်ထောင်စု၂၂၉၇ စု၊ လူဦးရေ ၁၃၃၄၇ ဦးအတွက် လှူဒါန်းခြင်းဖြစ်သည်။ ခိုင်နှင်းဝေဖောင်ဒေးရှင်းနှင့်စေတနာရှင်၊ အလှူရှင်များ လက်တွဲကာ နိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားခဲ့သည့် မန္တလေးမြေလျောင်ဘေးကြုံတွေ့ခဲ့ရသော လျောင်ဒဏ်သင့်ပြည်သူများအတွက် အစားအသောက်၊ ဆေးဝါးနှင့်လိုအပ်သောပစ္စည်းများ လှူဒါန်းမှုအတွက် ယနေ့အထိအလှူငွေသိန်း ၆၀၀၀၀ ကျော် ရရှိပြီးဖြစ်ကြောင်း သိရှိရသည်။ **KKYS**

## အမွေဆိုင်ဇနီးများ ရုပ်ရှင်ဇာတ်ကား ရုံတင်ပြသ

**ရန်ကုန် မေ ၁၇**

မိုးကောင်းကင်ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်သူ ကောင်းကင်ချို့နှင့် မာယာချို၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့်ဒါရိုက်တာမယ်မင်းဘုံ ရိုက်ကူးသော "အမွေဆိုင်ဇနီးများ" ရုပ်ရှင်ဇာတ်ကားကို မေ ၁၇ ရက်တွင် ရုံတင်ပြသမည်ဖြစ်ပြီး ရုံတင်ပြသရငွေများကို လျောင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေအဖြစ် လှူဒါန်းသွားမည်ဟု သိရှိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ကျော်ထက်အောင်၊ အကယ်ဒမီမင်းဦး၊ ဟိန်းသီဟ၊ အကယ်ဒမီချောရတနာ၊ ဖူးစုံ၊ ရွှေသမီး၊ အကယ်ဒမီခြူးလေး၊ ညီထွဋ်ခေါင်၊ စည်သူဝင်း၊ ထက်ထက်ထွန်း၊ စိုးဇာကြည်၊ ဆွေဆွေထွန်း၊ စိမ်း၊ နှင်းလဲ့လဲ့ထွန်း၊ ရယ်ဂျီနာ၊ ချိုချိုညွှန့်၊ ခင်ခင်ယုနှင့် အနုပညာရှင်များစွာ ပါဝင်ထားသည်။အမွေဆိုင်ဇနီးများရုပ်ရှင်အဖွဲ့အနေဖြင့်လျောင်ဒဏ်သင့်ပြည်သူအိမ်ထောင်စု ၂၀၀ အတွက် ဆန်၊ ဆီ၊ ရေသန့်၊ မီးစက်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်များကိုလည်း လှူဒါန်းမှုများ ပြုလုပ်ထားကြောင်းသိရှိရသည်။ **KKYS**



# အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ကမောက်ကမ သမီးယောက်မ ရုပ်ရှင်ဇာတ်ကား ပြသ

**ရန်ကုန် မေ ၁၇**

သက်တန့်အိမ်ရုပ်ရှင်ထုတ်လုပ်ရေးက ဇာတ်လမ်းနတ်စောင်း(ကျိုက်ထို)၊ ဇာတ်ညွှန်းနတ်စောင်းနှင့်ရွှန်းမီမီထက်၊ ဒါရိုက်တာအကယ်ဒမီကိုဇော် (အရဏ်ဦး) ရိုက်ကူးသော "ကမောက်ကမ သမီးယောက်မ" ရုပ်ရှင်ဇာတ်ကားကို မေ တတိယပတ်တွင် Canal+ Myanmar ZAT LENN ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ဟာသဇာတ်မြူးဖြစ်သောအဆိုပါ ရုပ်ရှင်ဇာတ်ကားတွင်အကယ်ဒမီပြေတီဦး၊ မနော၊ အကယ်ဒမီခိုင်သင်းကြည်၊ သင်ဇာဝင့်ကျော်၊ ခင်လှိုင်၊ တက္ကသိုလ်ဝွမ်းပုံ၊ ဖြူဖြူထွေး၊ မွန်လေး၊ ဆင်မ၊ အောင်ခိုင်၊ ဝါဝါအောင်၊ မျိုးမျိုးခိုင်၊ ပိုပို၊ ချစ်လူလူ၊ အောင်သီဟ၊ ဘဂျမ်း၊ အေးသီတာ၊ သက်ထားဆုလှိုင်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။ **KKYS**





## လီဗာပူးအသင်းနှင့်စာချုပ်သစ်ချုပ်ဆိုရန် ဆာလာနီးစပ်

**မေ ၁၇**

ယခုရာသီကုန်တွင် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် အီဂျစ်ဝါရင့်တိုက်စစ်ကစားသမားဆာလာသည် လီဗာပူးအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန်နီးစပ်နေပြီဖြစ်ပြီး အသင်းခေါင်းဆောင်ဗန်ဒိုက်မှာလည်း ဆာလာကဲ့သို့ပင် စာချုပ်သစ် ချုပ်ဆိုဖွယ်ရှိနေကြောင်းသိရသည်။

လီဗာပူးအသင်းသည် အသက် ၃၀ အထက်ကစားသမားများကို စာချုပ်သစ်ချုပ်လေ့မရှိသည့် ပေါ်လစီကိုကျင့်သုံးခဲ့သော်လည်း ယခုရာသီတွင် ခြေစွမ်းပြနေသည့် ဆာလာအား ခြွင်းချက်အနေဖြင့် စာချုပ်သစ်ချုပ်ဆိုရန် လီဗာပူးပရိသတ်များက အသင်းတာဝန်ရှိသူများကို ဖိအားပေးခဲ့ကြသည်။

ထို့ကြောင့် လီဗာပူးအသင်းတာဝန်ရှိသူများသည် ဆာလာအား စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ပြီး ယခုအခါ အလွန်နီးစပ်နေပြီဖြစ်ကြောင်းသိရသည်။

ထို့ပြင် လီဗာပူးအသင်းသည် လာမည့်ဇူလိုင်တွင် အသက် ၃၄ နှစ်ပြည့်မည့် အသင်းခေါင်းဆောင်ဗန်ဒိုက်ကိုလည်း စာချုပ်သစ် ချုပ်ဆိုဖွယ်ရှိသည်။ **သူရိန်**

## လာမည့် ရာသီချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပရီးမီးယားလိဂ် ကလပ်ငါးသင်းအထိ ယှဉ်ပြိုင်ခွင့်ရမည်

**မေ ၁၇**

၂၀၂၅-၂၆ ရာသီချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပရီးမီးယားလိဂ်ကလပ်ငါးသင်းအထိ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ဥရောပဘောလုံးအဖွဲ့ချုပ်သည် UEFA Coefficient Rankings အရ ထိပ်ဆုံးနှစ်နိုင်ငံကို ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ငါးသင်းစီယှဉ်ပြိုင်ခွင့်ပေးထားသည်။

ယခုရာသီUEFA က ကြီးမှူးကျင်းပသည့် ပြိုင်ပွဲများတွင် အင်္ဂလန်ကလပ်အသင်းများမှာ စွမ်းဆောင်ရည်ကောင်းနေပြီးချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင် ရီးရဲလ်ကို အာဆင်နယ်အသင်းအနိုင်ရပြီးနောက် အင်္ဂလန်နိုင်ငံအနေဖြင့် UEFA Coefficient Rankings တွင် အဆင့် (၂) ရရန် သေချာသွားခဲ့ပြီဖြစ်သည်။

ထို့ကြောင့် လာမည့်ရာသီချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပရီးမီးယားလိဂ်ကလပ်အသင်းငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ထို့ပြင် ယခုရာသီချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ပြိုင်ပွဲများတွင် ပရီးမီးယားလိဂ်အဆင့် (၅) ပြင်ပအသင်းများဗိုလ်စွဲမည်ဆိုပါက လာမည့် ရာသီချန်ပီယံလိဂ်တွင်ပရီးမီးယားလိဂ်ကလပ်ခုနစ်သင်းအထိယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်းသိရသည်။ **သူရိန်**



## အူနိုင်းအမ်မရီ ရက်ရှ်ဖို့ဒ်နှင့် အလုပ်ဆက်လုပ်လို



**မေ ၁၇**

အက်စတွန်ဗီလာနည်းပြ အူနိုင်းအမ်မရီကအသင်းတိုက်စစ်ကစားသမားရက်ရှ်ဖို့ဒ်နှင့် အလုပ်ဆက်လုပ်လိုကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

အင်္ဂလန်တိုက်စစ် ကစားသမားရက်ရှ်ဖို့ဒ်သည်ပြီးခဲ့သည့် ဇန်နဝါရီက မန်ယူအသင်းမှ အက်စတွန်ဗီလာအသင်းထံသို့ ရာသီဝက်အငှားဖြင့် ရောက်ရှိလာခဲ့ပြီး ပေါင်သန်း၄၀ဖြင့် အပြီးသတ်ခေါ်ယူခွင့်ပါဝင်ကြောင်းသိရသည်။

သို့သော် ရက်ရှ်ဖို့ဒ်၏ လစာမြင့်မားမှုကြောင့်အက်စတွန်ဗီလာအသင်းအနေဖြင့် အခက်တွေ့နေကြောင်း သိရသည်။

ယခုအခါအမ်မရီက "သူကလူကောင်းတစ်ယောက်ဖြစ်ပြီး ကိုယ့်ကိုယ်ကို နှိမ့်ချတတ်သူပါ။ ကျွန်တော်တို့သူနဲ့ အလုပ်ဆက်လုပ်ချင်ပါတယ်"ဟုပြောသည်။ **သူရိန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၊ မြေကွက်အမှတ်- ၂၆၉၊ မြေကွက်တည်နေရာအမှတ်- ၂၆၉၊ ရှင်ထွေးညိုလမ်း၊ ၁၃ ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (ဒေါ်သီသီဇော် ၁၂/မဂတ(နိုင်) ၀၃၅၇၃၇) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်သီသီဇော်အား (တရားပြိုင်)ထားကာ ဒေါ်မြင့်မြင့် (ခ) ဒေါ်မြင့်မြင့်သိန်း (၁၂/မဂတ(နိုင်) ၀၃၅၄၉၂)၊ ဒေါ်နေဇာလင်း (၁၂/ကမတ(နိုင်) ၀၆၀၁၄၃) တို့မှ (တရားလို)ပြုလုပ်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် တရားရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိ သဖြင့် တရားရှုံး(ကိုယ်စား) ဘီလစ် ဒေါ်မြင့်မြင့်ကြည် (၁၂/ဒပန(နိုင်) ၀၂၈၃၄၂)မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၃၅/၂၀၂၄) (၂၃.၁၂.၂၀၂၄)၊ တရားမဇာရီမှုအမှတ် (၃၁/၂၀၂၄) (၆.၁.၂၀၂၅)၊ တရားနိုင်များအပေါ် အနိုင် ဒီကရီချမှတ်သည့် စီရင်ချက်နှင့်အမိန့်၊ တရားရုံးနေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်စာ၊ နိုင်ငံသား စိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် အဆောက်အဦ ၂ လုံးရှိပြီး ၁ လုံးတွင် (တရားနိုင်) ကိုယ်တိုင်နေထိုင်ပြီး ကျန် ၁ လုံးတွင် ဆန်ဆိုင် ဖွင့်လှစ် ထားပါသည်။ သို့ဖြစ်ပါ၍ ဘီလစ် ဒေါ်မြင့်မြင့်ကြည်မှ အရောင်းမြေပုံကူးလျှောက်ထား ခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## Myanmar Wanbao နှင့် FAW Group ငလျင်ဒဏ်သင့်မိသားစုများအား ကူညီထောက်ပံ့

**ရန်ကုန်၊ ဧပြီ ၁၇**

Myanmar Wanbao Mining Copper Ltd. ၊ FAW Group တို့သည် တရုတ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ မြန်မာနိုင်ငံ ငလျင်ဒဏ်သင့်မိသားစုများအတွက် ကူညီထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် Myanmar Wanbao နှင့် တရုတ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ငလျင်ဖြစ်ပွားခဲ့သည့် စစ်ကိုင်းပြည်သူ့ဆေးရုံသို့ ဆေးဝါးပစ္စည်းများကို လှူဒါန်းကူညီပေးခဲ့ရာ ခွဲစိတ်ကိရိယာများနှင့် ချုပ်ဆေးများ၊ ထိုးဆေးများနှင့် ဆေးရည်၊ လိမ်းဆေးနှင့်အသုံးများသော ဆေးဝါးများ၊ mask များ၊ ရေသန့်ဘူးများစသည်ဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၄၄ သန်းရှိ ပစ္စည်းများကို ထောက်ပံ့ပေးသည်။

ထို့ပြင် FAW Group နှင့် တရုတ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းတို့ပူးပေါင်း၍ မြန်မာနိုင်ငံ ငလျင်ဘေးသင့်ဒေသဖြစ်သည့် မန္တလေးနှင့်နေပြည်တော်တို့တွင် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ယာယီနေထိုင်ရန် ရွက်ဖျင်တဲ ၁၀၀လုံး၊ ဆန် ၆၀၀၀ ကီလိုဂရမ်၊ ဆီ ၄၅၀ လီတာ၊ ခြင်ထောင် ၅၀၀ လုံး၊ မိုးကာ ၃၀၀ ခုနှင့် မီးစက်၁၀လုံး တို့ကို အိမ်ခြေ ၅၀၀ ခန့်အတွက် ပံ့ပိုးပေးနိုင်ခဲ့သည်။



**အောင်မြင့်ဌေး**

## မော်လမြိုင်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပ၍ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေး

မော်လမြိုင် ဧပြီ ၁၇

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့စရိုက်များနှင့်အညီ ယဉ်ကျေးသိမ်မွေ့ပြီး အေးချမ်းသာယာသော အေးသင်္ကြန်အဖြစ် ကျင်းပလျက်ရှိရာ ဧပြီ ၁၆ ရက် (မဟာသင်္ကြန်အတက်နေ့) နံနက်ပိုင်းက မော်လမြိုင်မြို့ ကမ်းနားလမ်း၌ ကျင်းပသည်။



မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင် ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့်အတူ အေးချမ်းစွာလာရောက် ရေကစားခဲ့ကြသည်။ မော်လမြိုင်မြို့ကမ်းနားလမ်း၌ ကျင်းပလျက်ရှိရာ မဟာသင်္ကြန်ပွဲတော် ကျင်းပစဉ်ကာလအတွင်း ပြည်သူများအနေဖြင့် အေးချမ်းစွာ လာရောက်ရေကစားနိုင်ပြီး ပါဝင်ဆင်နွှဲကြသူများအားလုံးကို စတုဒိသာများဖြင့် နေ့စဉ် ဧည့်ခံကျွေးမွေးလျက်ရှိကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## ပန်းတနော်မြို့၌ မဟာသင်္ကြန်ပွဲတော် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့များနှင့်အညီ ရေကစားလျက်ရှိ

ပန်းတနော် ဧပြီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ ဗိုလ်ချုပ်လမ်းတွင် ၁၃၈၆ ခုနှစ် မဟာသင်္ကြန်ပွဲတော် ရိုးရာအစဉ်အလာမပျက် ယဉ်ကျေးသိမ်မွေ့စွာဖြင့် ဧပြီ ၁၄ ရက်တွင်ပြုလုပ်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများဖြင့် ရေပက်ကစားလျက်ရှိသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက မြန်မာ့သနပ်ခါး လိမ်းကျံစေခြင်းများပြုလုပ်ခဲ့ကြပြီး ပြည်သူများအား စတုဒိသာ (မုန့်လက်ဆောင်း)များဖြင့် လှူဒါန်းကျွေးမွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မင်္ဂလာတောင်ညွန့်မြို့နယ်၌ သင်္ကြန်အကြတ်နေ့ ရေကစားခြင်းနှင့်စတုဒိသာကျွေးမွေးခြင်း ဆောင်ရွက်

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ သင်္ကြန်အကြတ်နေ့တွင် ရေကစားခြင်းနှင့်စတုဒိသာ ကျွေးမွေးခြင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ယမန်နေ့ နံနက် ၉ နာရီက စတင်ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းထွန်းနှင့်အဖွဲ့ဝင်များ၊မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်များမှ ပြည်သူများ ပူးပေါင်း၍ မြန်မာ့ရိုးရာသင်္ကြန်အစဉ်အလာနှင့်အညီ ရေကစားခြင်း၊ သနပ်ခါးလိမ်းခြယ်ပေးခြင်း၊ စတုဒိသာဧည့်ခံကျွေးမွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အောင်မြင့်(ပြန်/ဆက်)

## ဖျာပုံမြို့နယ်၌ ရိုးရာယဉ်ကျေးမှုနှင့်အညီ သင်္ကြန်ရေပက်ဖျန်း၍ စတုဒိသာအာဟာရများ ကျွေးမွေးလှူဒါန်း

ဖျာပုံ ဧပြီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် မဟာသင်္ကြန်အကြိုနေ့မှစ၍ သင်္ကြန်ရေပက်ဖျန်းကစားခြင်း၊ စတုဒိသာအာဟာရကျွေးမွေးလှူဒါန်းခြင်း အပါအဝင် ရိုးရာယဉ်ကျေးမှုနှင့်အညီ ကျင်းပလျက်ရှိကြောင်း သိရသည်။



**ကျွေးမွေးလှူဒါန်း**

ထိုသို့ကျင်းပရာတွင် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ကျော်မင်းယုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ကြပြီး လမ်းလျှောက်သင်္ကြန်မဏ္ဍပ်ဖွင့်လှစ်ပေး၍ စတုဒိသာမဏ္ဍပ်၌ စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

ထို့နောက် ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ သပြေခက်ဖြင့် ရေပက်ဖျန်းကြပြီး ဥပုသ်သီလဆောက်တည်ခြင်း၊ ဘုရားစေတီများတွင် သန့်ရှင်းရေးကုသိုလ်ပြုခြင်း၊ အလှူမင်္ဂလာပွဲများကျင်းပခြင်း၊ တရားရိပ်သာဝင်ရောက်ခြင်း၊ နှစ်ဦးဆွမ်းကပ်လှူခြင်း အပါအဝင် သင်္ကြန်ဆိုင်ရာ ကာလဒါနအစီအစဉ်များအား ၁၃၈၇ ခုနှစ် နှစ်ဆန်း ၁ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ၂၁၆

### တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။
(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။
(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်း လျော့နည်းခြင်း။
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

မြို့တော်သတင်း The CITY NEWS



# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ရဟန်းရှင်လူ ပြည်သူအများ ဘေးအန္တရာယ်ကင်းဝေးစေရန် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တစ်နိုင်ငံလုံးမှ ရဟန်းရှင်လူ ပြည်သူအများ ဘေးအန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ ကျင်းပသည့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ အခမ်းအနားကို ယမန်နေ့ည ၇ နာရီက ရွှေတိဂုံစေတီတော် ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ဒွိပိဋကဓရ၊ တိပိဋကာလင်္ကာရ စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒွိပိဋကဓရ၊ တိပိဋကာလင်္ကာရ စာသင်တိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များက အန္တရာယ်ကင်းပရိတ်တရားတော်များအား စုပေါင်းရွတ်ဖတ်ပူဇော်ကြသည်။



ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း ဆရာတော် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဂေါပက အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(စာ-၈ သို့)

# မြို့တော်ဝန် ဦးဗိုလ်ဌေး ၂၀၂၅ ချန်ဒူးနိုင်ငံတကာချစ်ကြည်ရေးမြို့များ၏ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် ဧပြီ ၁၇**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ စီချွမ်ပြည်နယ်၊ ချန်ဒူးမြို့တွင် ဧပြီ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် "၂၀၂၅ ချန်ဒူးနိုင်ငံတကာ ချစ်ကြည်ရေးမြို့များ၏ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ" သို့ တက်ရောက်ရန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၅ ရက်ညနေ ၃ နာရီက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်း-ရဲနန္ဒလင်းမြင့်**
**ဓာတ်ပုံ-ကျော်သူထက်**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

## မေတ္တာရပ်ခံချက်

မြို့တော်သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်များအား မြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရန်နှင့် အမှိုက်များအား သတ်မှတ်နေရာများတွင်ရှိသော အမှိုက်ပုံးများအတွင်းသို့ စွန့်ပစ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈ ခုနှစ်) သိကောင်းစရာ

၁၂၅။ ကော်မတီသည် အများပြည်သူဆိုင်ရာလမ်းများ၊ အဆောက်အအုံများ၊ ဈေးများနှင့် လိုအပ်သော နေရာများတွင် ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ တပ်ဆင်ခြင်းအတွက် ခွင့်ပြုခြင်းနှင့် သတ်မှတ်ထားသော အခွန်ကောက်ခံခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၂၆။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်းကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်ခြင်း၊ သတ်မှတ်ထားသော အခွန်အခကောက်ခံခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၂၇။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ လမ်းလယ်ကျွန်းများ၊ အဝိုင်းများ၊ တြိဂံများ၊ လမ်းလယ်ပန်းခုံများ၊ စကြံများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရမည်။

၁၂၈။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ လမ်းများတွင် လူကူးမျဉ်းကျားများနှင့် ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် အမှတ်အသားများနှင့် အချက်ပြဆိုင်းဘုတ်များ၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ ဘတ်စ်ကားမှတ်တိုင်နှင့် ခရီးသည်နားခိုဆောင်များကို စနစ်တကျဆောင်ရွက်ရမည်။